# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

December 10, 2019 Volume 26, Number 7


| ၁၀.၁၂.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၆၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၂၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၅/- ကျပ် |
| CBM Rate | = ၁၅၀၆.၀ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၆၇.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၇.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၈၂.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၈၆.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၇.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၃.၉၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၂၄၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၆.၃၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၁.၈၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၆၇၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ထားဝယ်၌ ရေနက်ဆိပ်ကမ်းနှင့်စက်မှုဇုန်များ ဖော်ဆောင်ခြင်းဖြင့် ဈေးကွက်ချိတ်ဆက်ရန် အရေးပါလာမည်



ထားဝယ်အထူးစီးပွားရေးဇုန်၌ ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်များဖော်ဆောင်ပေးခြင်းဖြင့် မဲခေါင်တောင်ပိုင်း စီးပွားရေးစင်္ကြံအရှေ့အလယ်ပိုင်းဒေသနှင့် အိန္ဒိယဈေးကွက်များ ချိတ်ဆက်နိုင်သည့်နေရာအဖြစ် အရေးပါလာမည်ဖြစ်ကြောင်း ဒုတိယသမ္မတဦးမြင့်ဆွေကပြောသည်။ ဒီဇင်ဘာ ၇ ရက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် ယင်းသို့ပြောခြင်းဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးသည် မဟာမဲခေါင်၏ အနောက်ဘက်ဆုံးဝင်ပေါက်သဖွယ်ဖြစ်နေပြီး ဒေသတွင်းနိုင်ငံများနှင့် တောင်ပိုင်းစီးပွားရေးစင်္ကြံသို့ ချိတ်ဆက်နိုင်သော အရေးပါသည့်နေရာတွင်တည်ရှိနေပြီး ကမ္ဘာ့နိုင်ငံများ၏ ကမ်းရိုးတန်းဒေသတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ဆောင်ရွက်ချက်များကို နမူနာယူ၍ ထားဝယ်အထူးစီးပွားရေးဇုန်ကို တည်ထောင်လျက်ရှိကြောင်း ၎င်းကပြောသည်။

တနင်္သာရီတိုင်းအတွင်း ယခုနှစ် အောက်တိုဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစုစုပေါင်း ၄၄ ခုရှိပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၃၈၅ သန်း ရင်းနှီးမြှုပ်နှံထားကြောင်း၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၇၁ ခုရှိပြီး၊ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၃၃ ဒသမ ၉၆ သန်းနှင့် ကျပ်သန်းပေါင်း ၂၈၂၃၂၆ ဒသမ ၁၆၃ ရှိပြီး အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ စွမ်းအင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးရေးနှင့်လယ်ယာစိုက်ပျိုးရေးကဏ္ဍတို့ဖြစ်ကြောင်းသိရသည်။ တနင်္သာရီတိုင်း၏ အဓိကထုတ်ကုန်များမှာ သဘာဝပုလဲနှင့်မွေးပုလဲ၊ မွေးမြူရေးလုပ်ငန်းများ၊ ပင်လယ်ရေထွက်ကုန်များ၊ ရော်ဘာ

နှင့်ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများ၊ ငှက်သိုက်မွေးမြူရေးလုပ်ငန်းများနှင့်သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဖြစ်ကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/132173.html

## လာမည့်နှစ်တွင် ထောပတ်သီး တရုတ်သို့ တရားဝင်တင်ပို့ခွင့်ရရှိရေး ညှိနှိုင်းပေးရန်တင်ပြ



လာမည့်နှစ်တွင် ပြည်တွင်း၌ ထောပတ်သီးတန်ချိန် ရှစ်သောင်းခန့်အထိ အလျှံပယ်ထွက်ရှိမည်ဖြစ်၍ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိရေး နှစ်နိုင်ငံ အစိုးရ ဆွေးနွေးညှိနှိုင်းပေးရန် မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီး ဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဒေါ်စန္ဒာမျိုးက ဒုတိယသမ္မတ(၁)ဦးမြင့်ဆွေထံ တင်ပြခဲ့သည်။ ဒီဇင်ဘာ ၈ ရက်က ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်းချုပ်တွင်ပြုလုပ်သည့် ဒုတိယသမ္မတ (၁) ဦးမြင့်ဆွေ ဦးဆောင်သည့် မြန်မာ့ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ (၃၁) ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲ၌ ယင်းသို့တင်ပြခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ သစ်သီးဝလံများ တင်ပို့နိုင်ရေးအတွက် ဦးစားပေးတွင် ထောပတ်သီး၊ နာနတ်သီးတို့ကို ထည့်သွင်းရေးဆောင်ရွက်ရန် တင်ပြခဲ့သော်လည်း တရုတ်နိုင်ငံမှ ငှက်ပျောသီး၊ စပါး၊ ပီလောပီနံ၊ ပင်မှည့်သီးများကိုသာ တရားဝင်တင်ပို့ရေး ဆွေးနွေးရန် အကြောင်းကြားလာကြောင်း ၎င်းကပြောသည်။

ထောပတ်သီးကို လက်ရှိထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိသော်လည်း ဈေးနှုန်းရရှိမှုနည်းပါးလျက်ရှိရာ လာမည့်နှစ် အလျှံပယ် ထွက်ရှိလာမည့် ထောပတ်သီးများအတွက် ဈေးကွက်ကြိုတင်ပြင်ဆင်ထားရှိရန် တရုတ်နိုင်ငံနှင့်ဆွေးနွေးပေးရန် ၎င်းက တောင်းဆိုခဲ့သည်။ လက်ရှိတွင် ထောပတ်သီးစိုက်ပျိုးမှုနှုန်းမှာ အလွန်မြင့်တက်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်၌ တန်ချိန် ၈၀၀၀၀ ခန့်နှင့် ၂၀၂၁ ခုနှစ်တွင် အနည်းဆုံးတန်ချိန်နှစ်သိန်းခန့် ထွက်ရှိမည်ဟုမျှော်မှန်းထားသည်။

**Source:** https://myanmar.mmtimes.com/news/132175.html

## ထိုင်းဘတ်ဈေးကျသဖြင့် မြဝတီ၌ အရောင်းအဝယ်ပြန်ကောင်း



မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် ပြီးခဲ့သည့် ဩဂုတ်လက ထိုင်းဘတ်ငွေ ဈေးမြင့်တက်ခဲ့မှုကြောင့် ကုန်သည်အချို့မှာ ထိုင်းကုန်ပစ္စည်း များ အဝယ်ရပ်နားထားရပြီး အရောင်းအဝယ်အေးခဲ့ရာမှ ယခုဒီဇင်ဘာလ တွင် ထိုင်းဘတ်ငွေဈေး ပြန်လည်ကျဆင်းခဲ့သည့်အတွက် အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

"အခု ထိုင်းဘတ်ဈေးကအရင် ဩဂုတ်လမှာ ထိုင်းဘတ်ငွေ ၂၀၀၀ မှာမြန်မာ ကျပ်ငွေ တစ်သိန်းဈေးရှိခဲ့ပြီး အခု ဒီဇင်ဘာ ဒုတိယပတ်မှာ ထိုင်းဘတ်ငွေ ၂၀၄၀ ကို မြန်မာငွေကျပ်တစ်သိန်းအထိ ပြန်လည် ကျဆင်းသွားတဲ့အတွက် ထိုင်းကုန်ပစ္စည်းတွေလည်း ဈေးနှုန်းကျဆင်းခဲ့တာပေါ့" ဟု မြဝတီဘုရင့်နောင်ဈေးကြီးထဲတွင် မဲဆောက်မှထိုင်း စားကုန်ပစ္စည်းများ ဝယ်ယူရောင်းချနေသည့် ဈေးသည်တစ်ဦးကပြောသည်။

မြဝတီမြို့ ဘုရင့်နောင်ဈေးကြီးအတွင်း လက်ရှိရောင်းချနေသော စားကုန်ပစ္စည်းဈေးနှုန်းများမှာ အာဂျီနိုမိုတို ဆွမ်းအုပ်တံဆိပ် (အိုးအချိုမှုန့်) အထုပ်၂၀ ပါ တစ်ပါကင်ကျပ် ၈၄၀၀၀၊ မာမားချဉ်စပ်အထုပ် ၃၀ ပါ ဖာသေး ခြောက်ဖာပါ တစ်ပါကင် ကျပ် ၄၀,၀၀၀၊ မိသားစုငါးသေတ္တာဘူးအသေး တစ်ဒါဇင်ပါ တစ်ပါကင် ကျပ် ၄၇၀၀၀၊ ၂၅ ကီလို JUMP ဆပ်ပြာဖာကြီးတစ် ပါကင် ကျပ် ၃၀,၀၀၀ ရောင်းချနေကြောင်း သိရသည်။

ထို့ပြင် စားဆီ ၁၀ ပိဿာဝင် ကော်ပုံးကြီးတစ်ပုံး ကျပ် ၁၇၀၀၀၊ M-150 အချိုရည် အလုံးသေး ၅၀ ပါ တစ်ပါကင်ကျပ် ၁၈၀၀၀၊ မြင်းတံဆိပ် ပလတ်စတစ်ဖျာ ၁၂ချပ်ပါ တစ်စည်း ကျပ် ၈၅,၀၀၀၊ ကလေးပုံ တံဆိပ် နို့စိမ်းလေးဒါဇင်ပါ တစ်ပါကင် ကျပ် ၃၀၀၀၀ ဈေးနှုန်းများနှင့်ရောင်းချလျက်ရှိပြီး ရွှေဈေးအနေဖြင့် ထိုင်းရွှေတစ်ဘတ်သားလျှင် ကျပ် ၁၀၃၇၀၀၀၊ မြန်မာရွှေ မီးလင်းတစ်ကျပ်သားကျပ် ၁၁၇၅၀၀၀ နှင့် ရောင်းချနေကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/132176.html

## နိုင်ငံတကာ လေကြောင်းခရီးစဉ်သစ်များ တိုးချဲ့ပျံသန်းခြင်းကြောင့် ရန်ကုန်လေဆိပ်အသုံးပြုသူ ခရီးသည်ပမာဏ ယခင်နှစ် ဇန်နဝါရီမှနိုဝင်ဘာအထိကာလတူထက် ရှစ်ရာခိုင်နှုန်းမြင့်တက်




နိုင်ငံတကာလေကြောင်းခရီးစဉ်သစ်များ တိုးချဲ့ပျံသန်းမှုကြောင့် ၂၀၁၉ ခုနှစ်အတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အသုံးပြုသူခရီးသည်ပမာဏ ယခင်နှစ်ကာလတူဖြင့်နှိုင်းယှဉ်ပါက ရှစ်ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသည့် YACL ၏ သတင်းထုတ်ပြန်ချက်အရသိရသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ နိုဝင်ဘာလအထိ မြန်မာနိုင်ငံ၏ အဓိကလေကြောင်းဝင်ထွက်ပေါက်တစ်ခု ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား အသုံးပြုသူခရီးသည်ပမာဏ ခြောက်သန်းနီးပါးအထိမြင့်တက်ခဲ့ပြီး ယမန်နှစ်ထက် ခရီးသည်ရှစ်ရာခိုင်နှုန်း ပိုမိုတိုးတက်လာခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ခရီးသည်ပမာဏမြင့်တက်လာရခြင်းသည် ခရီးစဉ်သစ်များတိုးချဲ့ပျံသန်း ပြေးဆွဲမှုကြောင့်ဖြစ်ပြီး အဓိကအားဖြင့် တရုတ်ခရီးသွားဈေးကွက်မှ ခရီးစဉ်တိုးချဲ့ပျံသန်းမှုများကြောင့်ဖြစ်ကြောင်း YACL မှ သတင်းထုတ်ပြန်ခဲ့သည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ယခင်နှစ်က နိုင်ငံတကာလေကြောင်းလိုင်း ၃၁ လိုင်းမှ နိုင်ငံပေါင်း ၁၅ နိုင်ငံရှိ မြို့ပေါင်း ၃၁ မြို့သို့ ချိတ်ဆက်ပျံသန်းပြေးဆွဲခဲ့ပြီး၊ လက်ရှိတွင် နိုင်ငံတကာလေကြောင်းလိုင်း ၃၇ လိုင်းမှ နိုင်ငံပေါင်း ၁၄ နိုင်ငံရှိ ခရီးစဉ် ၃၇ ခုသို့ ချိတ်ဆက် ပျံသန်းပြေးဆွဲလျက်ရှိကြောင်းသိရသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အသုံးပြုသူ နိုင်ငံတကာခရီးသည် ပမာဏ မြင့်တက်လာရခြင်း၏ အဓိကနိုင်ငံများမှာ တရုတ်၊ ထိုင်းနှင့်ဂျပန်နိုင်ငံတို့မှ ခရီးသည်များ ဝင်ရောက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အဓိကခရီးသည် ဝင်ထွက်ပေါက်တစ်ခုဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ၂၀၁၉ ခုနှစ်အတွင်း အသုံးပြုသူခရီးသည် ခြောက်သန်းပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှသတင်းရရှိသည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၆ ရက်က IndiGO လေကြောင်းလိုင်းဖြင့် လိုက်ပါလာသည့် အိန္ဒိယနိုင်ငံသားခရီးသည်ဖြစ်သူ Mr. Ameeramsa Musthafa နှင့်မိသားစုအား ရန်ကုန်လေဆိပ်အား စီမံခန့်ခွဲဝန်ဆောင်မှုပေးနေသည့် TACL မှ ခြောက်သန်းမြောက် ခရီးသည် အဖြစ်ရွေးချယ်ခဲ့ပြီး မြန်မာငွေကျပ် တစ်သန်းပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။ "ကျွန်တော်တို့ TACK အနေနဲ့ IndiGO လေကြောင်းလိုင်းနဲ့ စီးနင်းလိုက်ပါလာတဲ့ ရန်ကုန်လေဆိပ်ရဲ့ ၂၀၁၉ ခုနှစ်အတွက် ခြောက်သန်းမြောက် ခရီးသည်ကို ကြိုဆိုရတဲ့အတွက် အထူးဝမ်းမြောက်မိပါတယ်။ ၂၀၁၉ ခုနှစ်လည်း ကုန်ဆုံးခါနီးပြီဆိုတော့ လာမယ့်ရက်ပိုင်းအတွင်းမှာပဲ ရန်ကုန် လေဆိပ်အသုံးပြုသူခရီးသည်အရေအတွက် စံချိန်သစ်တစ်ခုထပ်တင်နိုင်ပြီး၊ ၂၀၁၉ ခုနှစ် အာရှ-ပစိဖိတ်ဒေသ ခန့်မှန်းလျာထား ချက်ထက် ရာခိုင်နှုန်းပိုမိုမြင့်တက်လာတယ်ဆိုတာ ဂုဏ်ယူဝမ်းမြောက်စွာ ကြေညာသွားချင်ပါတယ်" ဟု YACL ၏ Chief Operating Officer ဖြစ်သူ Mr. Jose Angeja က ပြောကြားသည်။

ယင်းပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် မြန်မာနိုင်ငံ၏ လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အဓိက ကျသည့် နေရာတစ်ခုဖြစ်သည်နှင့်အညီ လေကြောင်းလိုင်းသစ်များနှင့် လေကြောင်းခရီးစဉ်သစ်များ တိုးချဲ့ပျံသန်းနိုင်ရန် ကြိုးပမ်းအားထုတ်မှုများနှင့်အတူ Airside, Landside အဆင့်မြှင့်တင်မှု၊ လေကြောင်းလုပ်ငန်းဆိုင်ရာတောင်းဆိုမှုများအား ကောင်းမွန်စွာစီမံခန့်ခွဲနိုင်ရန် ကြိုတင်မျှော်မှန်းထားမှု၊ လေဆိပ်အသုံးပြုသူများအား ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ရန် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ လေဆိပ်အတွင်း လုံခြုံစိတ်ချမှုရှိစေရန်နှင့်လေဆိပ်လုပ်ငန်းများ အဆင်ပြေ

ချောမွေ့စွာလည်ပတ်နိုင်ရန် ကြိုးပမ်းမှုများအား လုပ်ဆောင်ခဲ့သည့်နှစ်တစ်နှစ်ဖြစ်ကြောင်း Mr. Jose Angeja က ပြောကြားသည်။

**Source:** https://news-eleven.com/article/148919

## ၂၀၁၉ ခုနှစ် မေလမှ အောက်တိုဘာအထိ ကျပ်တစ်ဘီလျံကျော်၏အထက် လစဉ်အရောင်းအဝယ်ဖြစ်ပေါ်နေသည့် ရန်ကုန်စတော့အိတ်ချိန်း၏ အရောင်းအဝယ်ဖြစ်မှု နိုဝင်ဘာတွင် ကျပ်တစ်ဘီလျံအောက်သို့ ပြန်လည်ကျဆင်း




၂၀၁၉ ခုနှစ် မေလမှအောက်တိုဘာလအထိ လစဉ် ကျပ်တစ်ဘီလျံကျော်အထက် အရောင်းအဝယ်ဖြစ်ပေါ်နေသည့် ရန်ကုန်စတော့အိတ်ချိန်း၏ အရောင်းအဝယ်ဖြစ်မှုမှာ နိုဝင်ဘာလတွင် ပြန်လည်ကျဆင်းလာပြီး ကျပ်သိန်း ၉၉၂၆ သို့ ပြန်လည်ကျဆင်းခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်းက လအလိုက်ထုတ်ပြန်ပေးသည့် အရောင်းအဝယ်ဖြစ်မှု စာရင်းအရသိရသည်။ ကာလရှည်ကြာ အရောင်းအဝယ်ကျ ဆင်းမှုဖြစ်ပေါ်နေသည့် ရန်ကုန်စတော့အိတ်ချိန်းတွင် ၂၀၁၇ မတ်လက ကျပ် ၃ ဒသမ ၃ ဘီလျံအထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီးနောက် လပေါင်း ၃၀ အတွင်း အရောင်းအဝယ်ဖြစ်မှု အမြင့်ဆုံးအဖြစ် ယခုနှစ်စက်တင်ဘာတွင် ကျပ် ၂ ဒသမ ၄ ဘီလျံကျော်အထိ အရောင်းအဝယ် ပြန်လည်မြင့်တက်ခဲ့သည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် ၂၀၁၉ နှစ်စမှစတင်ပြီး ဧပြီအထိ ကျပ်သိန်းထောင်ဂဏန်းသာ အရောင်းအဝယ် ဖြစ်နေခဲ့ပြီး မေလမတွင် ကျပ် ၁ ဒသမ ၄ ဘီလျံကျော်၊ ဇွန်လတွင် ကျပ် ၁ ဒသမ ၃ ဘီလျံကျော်၊ ဇူလိုင်တွင် ကျပ် ၁ ဒသမ ၂ ဘီလျံကျော်၊ သြဂုတ်တွင် ကျပ် ၁ ဒသမ ၉ ဘီလျံကျော်၊ စက်တင်ဘာတွင် ကျပ် ၂ ဒသမ ၄ ဘီလျံကျော်၊ အောက်တိုဘာတွင် ကျပ် ၁ ဒသမ ၃ ဘီလျံကျော် အရောင်းအဝယ်ဖြစ်ခဲ့ရာမှ နိုဝင်ဘာတွင် ကျပ် ၉၉၂၆ သိန်းကျော်သို့ ကျဆင်းလာခဲ့ခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ် မတ်လက ကျပ် ၃ ဒသမ ၃ ဘီလျံအထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီးနောက် ရန်ကုန် စတော့အိတ်ချိန်းတွင် ကျပ်နှစ်ဘီလျံကျော် အရောင်းအဝယ်ဖြစ်မှုအဖြစ် ၂၀၁၇ ခုနှစ် သြဂုတ်တွင် ကျပ် ၂ ဒသမ ၂ ဘီလျံကျော် အရောင်းအဝယ်ဖြစ်မှုမှာ အမြင့်ဆုံးဖြစ်ပြီး ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် သြဂုတ်လအထိ ကျပ်နှစ်ဘီလျံကျော်သည့် အရောင်းအဝယ်ဖြစ်ပေါ်မှု မရှိခဲ့ရာမှ ယခုစက်တင်ဘာလကုန်တွင် ကျပ် ၂ ဒသမ ၄၇ ဘီလျံကျော်အထိ အရောင်းအဝယ်ဖြစ်မှု ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ရန်ကုန်စတော့အိတ်ချိန်း သမိုင်းတစ်လျှောက် အရောင်းအဝယ်ဖြစ်မှု ယခုနှစ်အတွင်း စံချိန်တင်ကျဆင်းနေပြီး အရောင်းအဝယ်ဖြစ်မှု အနိမ့်ဆုံးအဖြစ်မှု မတ်လတွင် ကျပ် ၃၉၆၂ သိန်းကျော်သာ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ပထမဆုံးအဖြစ် မေလတွင် ကျပ် ၁ ဒသမ ၄ ဘီလျံကျော် အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော်လည်း ဇွန်လတွင် ကျပ် ၁ ဒသမ ၃ ဘီလျံ နှင့် ဇူလိုင်လတွင် ကျပ် ၁ ဒသမ ၂ ဘီလျံကျော်သာ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့ပြီး စတော့အိတ်ချိန်းအရောင်းအဝယ် နှစ်လဆက်တိုက် ပြန်လည်ကျဆင်းခဲ့ရာမှ သြဂုတ်လတွင် စံချိန်တင်အမြင့်ဆုံးအဖြစ် ကျပ် ၁ ဒသမ ၉၄ ဘီလျံအထိ ပြန်လည်မြင့်တက်လာခဲ့ပြီး စက်တင်ဘာတွင် ကျပ် ၂ ဒသမ ၄၇ ဘီလျံအထိ ပြန်လည်မြင့်တက်ခဲ့ရာမှ အောက်တိုဘာတွင် ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်သည်။

ရန်ကုန်စတော့အိတ်ချိန်း၏ အစုရှယ်ယာအရောင်းအဝယ်ဖြစ်မှုတွင် ဇူလိုင်လ၌ FMI ရှယ်ယာမှာ အမြင့်ဆုံး ကျပ် ၁၂၀၀၀ ဖြစ်ခဲ့ပြီး အနိမ့်ဆုံး ကျပ် ၁၁၀၀၀ အထိ ပြန်လည်ကျဆင်းသွားပြီး သီလဝါရှယ်ယာမှာ ကျပ် ၃၃၀၀ သို့ ကျဆင်းခဲ့သော်လည်း fmi နှင့် သီလဝါရှယ်ယာရောင်းချမှုမှာ ကျပ်တစ်ဘီလျံကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး သြဂုတ်လတွင်မူ ပထမပုဂ္ဂလိကဘဏ်၏ ရှယ်ယာအရောင်းအဝယ်ဖြစ်မှု သုံးဆခန့်မြင့်တက်လာခြင်းနှင့် TMH တယ်လီကွန်းမှာ ယခင်လထက်အရောင်းအဝယ်ဖြစ်မှု မြင့်တက်လာခြင်းတို့ကြောင့်ဖြစ်ပြီး အမြတ်ဝေစုပေးမည့် သီလဝါရှယ်ယာမှာ ကျပ် ၄၄၀၀ အထိ ဈေးနှုန်းပြန်လည်မြင့်တက်ခဲ့မှုများကြောင့် သြဂုတ်လတွင် ကျပ် ၁ ဒသမ ၉၄ ဘီလျံအထိ အရောင်းအဝယ်ဖြစ်ခဲ့သည်။ စက်တင်ဘာတွင် သီလဝါရှယ်ယာမှာ ကျပ် ၄၅၀၀ အထိ မြင့်တက်ပြီး စုစုပေါင်း ကျပ် ၁ ဒသမ ၃၇ ဘီ လျံအထိ အရောင်းအဝယ်ဖြစ်ခဲ့သောကြောင့် လပေါင်း ၃၀

အတွင်း အမြင့်ဆုံး အရောင်းအဝယ်ဖြစ်ခဲ့ခြင်းဖြစ်သော်လည်း အောက်တိုဘာတွင်မူ သီလဝါရှယ်ယာ၏ ဈေးနှုန်း ကျပ် ၃၆၀၀ အထိ ကျဆင်းခဲ့ခြင်းနှင့် စာရင်းဝင်ကုမ္ပဏီအားလုံး၏ ရှယ်ယာဈေးနှုန်းများ ကျဆင်းခဲ့ခြင်းကြောင့် ကျပ် ၁ ဒသမ ၃ ဘီလျံကျော်သာ အရောင်းအဝယ်ဖြစ်ခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာတွင်မူ အရောင်းအဝယ်ဖြစ်သည့် အစုရှယ်ယာအရေအတွက် ကျဆင်းခြင်းကြောင့် ကျပ်သိန်း ၉၉၂၆ ကျော်သာ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/148922

## မြန်မာ့လယ်ယာထွက်ကုန်များကို ကန့်သတ်ထားမှုဖြေလျှော့ပေးရန်ဆွေးနွေး

မြန်မာ့ပို့ကုန်များ နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့ရာတွင် မူဝါဒအရကန့်သတ်ထားများကို ဖြေလျှော့ပေးရန် ယူနန်ပြည်နယ် ဒုတိယမြို့တော်ဝန်နှင့် နိုဝင်ဘာလနောက်ဆုံးပတ်က တွေ့ဆုံဆွေးနွေးထားကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှသိရသည်။ ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း က"နယ်စပ်ကုန်သွယ်ရေးအခက်အခဲတွေကို ဖြေရှင်းပေးစေလိုပါတယ်။ ဒါမှသာ နှစ်နိုင်ငံကုန်သွယ်မှုမှာ အခုထက်ပိုပြီး အဆင်ပြေချောမွေ့စေမှာဖြစ်တယ်"ဟုပြောသည်။ ဒုတိယမြို့တော်ဝန် Mr. Dong Hua ကလည်း ကုန်သွယ်မှုတွင်တွေ့ကြုံနေရသည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟုသိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးဦးမျိုးသူက "ကျွန်တော်တို့ ဝန်ကြီးဌာနဘက်ကလည်း တတ်နိုင်သမျှ တရားဝင်ဖြစ်အောင် နည်း ပေါင်းစုံနဲ့ဆောင်ရွက်နေတယ်။ တစ်ဖက်မှာလည်း တရားဝင်ဖြစ်ပြီး ကောင်းကောင်း မွန်မွန်ပို့နိုင်မယ့် နယ်စပ်လမ်းကြောင်းထက် ပင်လယ်ရေကြောင်းကုန်သွယ်မှုကိုလည်း ရောက်ရှိဆောင်ရွက်ကြဖို့လိုတယ်။ မဟုတ်ရင် နယ်စပ်ကုန်သွယ်ရေးဆိုတာ လောင်းကစား ဆန်နေတာမို့လို့ပါ"ပြောသည်။ မြန်မာ-တရုတ် မူဆယ်နယ်စပ် တရုတ်နိုင်ငံဘက်ခြမ်းတွင် တရုတ်နိုင်ငံသမ္မတ၏လမ်းညွှန်မှုဖြင့် တရားမဝင်တိုက်ဖျက်ရေးဆောင်ရွက်နေခြင်းကြောင့် မြန်မာ့လယ်ယာထွက်ကုန်များဖြစ်သည့် ဆန်၊ ပြောင်း၊ သကြားစသည့် ကုန်စည်များမှာ တင်ပို့မှုလျော့ကျလျက်ရှိသဖြင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား မဟာဗျူဟာမြောက်ဆက်ဆံရေးအားမြှင့်တင်သွားရေး၊ နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့လယ်ယာထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးတွင် ယူနန်ပြည်နယ်သည် အရေးကြီးသည့်ကဏ္ဍမှပါဝင်နေသည့်အတွက် နယ်စပ်ဒေသရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုတိုးမြှင့်ရေး၊ လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်စေရေး၊ ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာအာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

**Source: The Farmer Media.**

https://www.facebook.com/myanmaawba/?ref=page_internal

## ကြည့်မြင်တိုင်စံပြငါးဈေး ရန်ကုန်မြစ်ဝဘက်သို့ပြောင်းရွှေ့ရန် ရန်ကုန်စည်ပင်နေရာရှာ

ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဗဟိုစံပြငါးဈေးကို ရန်ကုန်မြစ်ဝဘက်သို့ နေရာပြောင်းရွှေ့ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) ကနေရာရှာဖွေလျက်ရှိကြောင်း ရန်ကုန်မြို့တော်ဝန်ဦးမောင်မောင်စိုးကဆိုသည်။ ဒီဇင်ဘာလ ၁၉ ရက်က မြို့တော်ခန်းမတွင်ကျင်းပသည့်သတင်းမီဒီယာများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ (YCDC) တို့လစဉ်တွေ့ဆုံပွဲတွင် ၎င်းကပြောကြားခဲ့ခြင်းဖြစ်သည်။ လူနေရပ်ကွက်နှင့်နီးကပ်လွန်းခြင်း၊ ငါးဈေး ဖြစ်သည်နှင့်အညီ အနံ့အသက်များကို ပတ်ဝန်းကျင်တွင်နေထိုင်သူများ ဆိုးရွားစွာခံစားရခြင်းတို့ကြောင့် ပြောင်းရွှေ့ရန်စီစဉ် ရခြင်းဖြစ်ကြောင်း မြို့တော်ဝန် ဦးမောင်မောင်စိုးကဆိုသည်။ "နေရာကရှာနေတယ်။ မြစ်ဝဘက်ကိုရှာနေတယ်။ ရွှေ့ပြောင်း ဖို့လည်း Idea ရှိတယ်"၎င်းကဆိုသည်။

အဆိုပါ ဗဟိုစံပြငါးဈေးကို ရွှေပိတောက်ငါးဈေးသို့ပြောင်းရွှေ့ရန် ယခင်ကစီစဉ်သော်လည်း လူနေရပ်ကွက်နှင့် နီးကပ်သည့်အတွက် မြစ်ဝဘက်သို့ပြောင်းရွှေ့ရန် နေရာရှာဖွေနေခြင်းဖြစ်ကြောင်း မြို့တော်ဝန် ဦးမောင်မောင်စိုးကကရှင်းပြသည်။

ပင်လယ်ဘက်မှ ငါးသင်္ဘောနှင့်ရေဝတီတိုင်းမှလာရောက်သည့် စက်လှေများဆိုက်ကပ်နိုင်ရန် ရေလမ်းကြောင်း သင့်သည့်နေရာကို ရန်ကုန်မြစ်ဝတွင် ရှာဖွေလျှက်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ ကြည့်မြင်တိုင်မြို့နယ်ရှိ ဗဟိုစံပြငါးဈေးသည် တစ်နိုင်ငံလုံးရှိ ရေထွက်ကုန်များကိုရောင်းချလျှက်ရှိသည်။

**Source:** https://www.facebook.com/LivingColorMediaCoLtd/?ref=page_internal

## တနင်္သာရီတိုင်းအတွင်း ခရီးသွားလုပ်ငန်းများဆောင်ရွက်ရန် ထိုင်းစိတ်ဝင်စား

တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရန် ထိုင်းနိုင်ငံက စိတ်ဝင်စားမှုရှိပြီး ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံ အချက်အလက်များတောင်းခံထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန(DICA)မှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောသည်။ "ပြီးခဲ့တဲ့ရက်ကပဲ ကျွန်တော့်ဆီကို Email နဲ့ ဆက်သွယ်လာပါတယ်၊ တနင်္သာရီတိုင်းဒေသကြီးမှာရှိတဲ့ ကျွန်းပေါင်းဘယ်လောက်ရှိသလဲ၊ လမ်းပေါင်း ဘယ်လောက်ရှိသလဲ၊ နောက်တစ်ခါ လေယာဉ်ပျံက ဘာအမျိုးအစားဆင်းလို့ရလဲ၊ ကျွန်းတွေပိုင်ရှင်က ဘယ်လိုပုံစံမျိုးလဲ၊ ဆေးရုံရှိသလား၊ သူက ခရီးသွားအတွက် သူသိချင်တဲ့ မေးခွန်းတွေကို Email ပို့ပါတယ်"ဟု ၎င်းကပြောသည်။

ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်အနေဖြင့် သိချင်သည့်အချက်အလက်များကိုရယူပြီး အစီအမံ ရေးဆွဲမည်ဖြစ်သောကြောင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA)မှ အချက်အလက်များပြုစုနေသည်ဟုဆိုသည်။ "ရင်းနှီးမြှုပ်နှံမယ့်သူဖြစ်ချင်တာက တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ အားလုံးပေါင်းစုံတဲ့ Tourism ကြီး တစ်ခုလုပ်ချင်တာ၊ Speed Boat တွေလည်း စီးချင်တယ်၊ လေယာဉ်ပျံတွေလည်း သုံးချင်တယ်ဆိုတော့ တအားကြီးကျယ်တဲ့လုပ်ငန်းကြီး၊ ဒါပေမယ့် ကျွန်တော်က ဒီလုပ်ငန်းကို အထက်အဆင့်ဆင့်ကိုတင်ပြမယ်ဆိုရင် အချက်အလက်တွေ သူ့ဆီကပြန်တောင်းရမှာ၊ ကျွန်တော်တို့ဆီက ရပိုင်ခွင့်အဆင့်ဆင့်တွေကလည်း ဘယ်လိုစေ့စပ်ညှိနိုင်းမှုတွေ လုပ်မလဲဆိုတဲ့အဆင့်ကို ရောက်နေပါပြီ"ဟု ဦးသန့်စင်လွင်ကပြောသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန်ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ဖိုရမ်ကို မြိတ်မြို့ရှိ Pearl Laguna Resort တွင် ဒီဇင်ဘာလ ၇ ရက်က ကျင်းပပြုလုပ်ခဲ့ပြီး ၊ ထိုကဲ့သို့သော ဖိုရမ်များမှတဆင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များနှင့်ပြည်တွင်းလုပ်ငန်းရှင်များအကြား ချိတ်ဆက်ပေးကာ မြန်မာနိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရန်ဖြစ်ကြောင်းသိရသည်။ လက်ရှိ တနင်္သာရီတိုင်းဒေသကြီးတွင် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ရေနံပုဇွန်မွေးမြူထုတ်လုပ် ရောင်းချခြင်းလုပ်ငန်းတစ်ခုသာရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်းပေါင်း ၃၃၀၀ သန်းဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရသိရသည်။

**Source:** https://www.facebook.com/fifthwavenews/posts/557344228329639?__tn__=K-R

## မြန်မာ့ပီလောပီနံကို စစ်ဆေးနိုင်ရန် တရုတ်ကမ်းလှမ်း



မြန်မာ့ပီလောပီနံကို တရုတ်နိုင်ငံမှ လာရောက်စစ်ဆေးသွားနိုင်ဖို့အတွက် ကမ်းလှမ်းတာဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံပန်းမာန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။ သူတို့နိုင်ငံရဲ့ ပီလောပီနံလိုအပ်ချက်များရှိတာကြောင့် အရင်လာရောက်စစ်ဆေးသွားမှာဖြစ်တယ်လို့ မြန်မာနိုင်ငံသစ်သီးဝလံပန်းမာန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဥက္ကဋ္ဌဦးစိုးသန်းမင်းဒင်ကပြောပါတယ်။ သူတို့လိုချင်တာကို ဝယ်မှာဖြစ်တဲ့အတွက် လိုအပ်တဲ့သီးနှံကိုပဲ အရင်လာရောက် စစ်ဆေးတာပါ။ ပီလောပီနံကို လာစစ်မယ်လို့တော့ပြောတယ်။ ဦးစားပေးတဲ့ထဲမှာ တောင်းတာတော့မဟုတ်ဘူး။ ပီလောပီနံကို

လာပြီးစစ်ဖို့အတွက်ကိုလည်း သူတို့ကကမ်းလှမ်းနေပြီ။ မြန်မာ့ သီးနှံ (၂၂)မျိုးထဲမှ ဦးစားပေး(၅)မျိုးဖြစ်တဲ့ ထောပတ်သီး ၊ နာနတ်သီး ၊ ကျွဲကော်သီး ၊ ငှက်ပျောသီးနဲ့သံပုရာသီးကို တောင်းဆို ခဲ့ပြီး ငှက်ပျောသီးကိုသာ လာရောက်စစ်ဆေးမှုများ ရှိသေးကြောင်း အဆိုပါအသင်းမှသိရပါတယ်။

ယခင်ကမြန်မာ့သီးနှံများကို ဂိတ်ပေါက်(၂)ခုကသာ တင်ပို့နိုင်ခဲ့ပေမယ့်လည်း ၂၀၁၉ ခုနှစ် နိုဝင်ဘာ (၂၆) ရက်နေ့မှ စတင်ကာ အခြားဂိတ်ပေါက်များမှာပါ တင်ပို့နိုင်ဖို့အတွက် ထပ်မံခွင့်ပြုလိုက်တာဖြစ်တယ်လို့ မြန်မာနိုင်ငံသစ်သီးဝလံ ပန်းမာန် နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှသိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/China_request_to_check_cassava_Myanmar

## မြန်မာကျပ်ငွေ ၁ ဒသမ ၅၈ ဘီလီယံ(ယူရိုသန်း) ကို ရင်းနှီးမြှုပ်နှံမည့် ကဏ္ဍစုံအသုံးပြုနိုင်သော သိုလှောင်ရုံတစ်ခုကိုဖွင့်လှစ်မည်






ကုန်သွယ်ရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဗဟိုမြို့တော်ဖြစ်သည့် ရန်ကုန်မြို့ရှိ ဒဂုံဆိပ်ကမ်းစက်မှုဇုန်တွင် မြန်မာကျပ်ငွေ ၁ ဒသမ ၅၈ ဘီလီယံ(ယူရိုသန်း) ကို ရင်းနှီးမြှုပ်နှံမည့် ကဏ္ဍစုံအသုံးပြုနိုင်သော သိုလှောင်ရုံတစ်ခုကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာလ ၇ ရက်တွင် ပြုလုပ်သည့် DHL Supply Chain Myanmar သတင်းစာရှင်းလင်းပွဲ အခမ်းအနားမှသိရပါတယ်။ ဒဂုံဆိပ်ကမ်းစက်မှုဇုန်တွင်တည်ရှိသော စတုရန်းပေ ၆၀၀၀၀ ရှိသည် ဂိုထောင်သည် နည်းပညာ လုပ်ငန်းနှင့် စားသုံးသူ/သုံးစွဲသူများဆိုင်ရာကဏ္ဍမှ Customer များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည့်အပြင်လာမည့် ၂၀၂၁ ခုနှစ်တွင် အချိန်ပြည့်ဝန်ထမ်း ၂၀၀ ကျော်အား ထပ်မံအလုပ်အကိုင်အခွင့်အလမ်းပေးနိုင်မည် ဖြစ်ကြောင်းသိရပါတယ်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ အဓိကစက်မှုဇုန်များနှင့် ကီလိုမီတာ ၃၀ အောက် အကွာအဝေးတွင် တည်ရှိသော ယင်းသိုလှောင်ရုံသည် ကုန်းတွင်းပိုင်းသယ်ယူပို့ဆောင်ရေးနှင့်ကောင်းစွာချိတ်ဆက်ထားပြီး မြို့ထဲနှင့်မလှမ်းမကမ်း နေရာတွင်တည်ရှိကြောင်း၊ ပစ္စည်းအတင်အချပြုလုပ်ရန် နေရာ ၈ ခုဖြင့် သိုလှောင်ရုံတွင် လုပ်ငန်းလည်ပတ်မှုစွမ်းရည် မြင့်မားစေရန် နိုင်ငံတကာစံညွှန်းထက်သာလွန်သော ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးစံနှုန်းများအတိုင်း ၂၄ နာရီပတ်လုံး စောင့်ကြည့်ကင်မရာများ တပ်ဆင်ပေးထားကြောင်းသိခဲ့ရပါတယ်။ DHL သည် မြန်မာနိုင်ငံသို့ အမြန်ချောပို့ ဌာနခွဲအနေဖြင့် ၁၉၈၂ ခုနှစ်တွင် စတင်ဝင်ရောက်လာခဲ့ပြီး နှစ်ပေါင်း ၃၀ ကျော်တိုင် လုပ်ကိုင်လာခဲ့ပြီဖြစ်၍ Logistics Solutions တွင် ကုမ္ပဏီ၏ လုပ်ငန်းစုများဖြစ်သော Supply Chain နှင့် Forwarding ဌာနခွဲများအထိ တိုးမြင့်လာခဲ့ကြောင်း၊ ကုမ္ပဏီ၏ကျွမ်းကျင်မှုနှင့် အဆင့်မြင့်သောစံနှုန်းများကြောင့် DHL Supply Chain သည် မြန်မာ့ရင်းနှီးမှုကော်မရှင်မှ ရင်းနှီး မြှုပ်နှံမှုခွင့်ပြုချက်ရရှိသော ၁၀၀ ရာနှုန်းပြည့် နိုင်ငံခြားပိုင် Logistics ကုမ္ပဏီဖြစ်ကြောင်းသိရပါတယ်။

**Source : ပြည်မြန်မာ**

https://www.logisticsguide.com.mm/en/industry-news/warehuse/224303-myanmar-to-open-a-multi-use-warehouse-to-invest-1-58-billion kyat.html?fbclid=IwAR0Tk4LyTAH9F9Qs DlxTv1pxcm6rY3SNeXjqM8uG3c OG1d768kU5Q2ZBSgc

## ထောပတ်သီးနှင့်နာနတ်သီး တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး ရင်းနှီးမြှုပ်နှံမှုများလိုအပ်လျက်ရှိ



အရည်အသွေးပြည့်မီသော ထောပတ်သီးနှင့်နာနတ်သီး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ထုပ်ပိုးစက်ရုံများ၊ အခြောက်ခံစက်ရုံများ တည်ဆောက်ရန် နှင့် ၎င်းတို့နှင့်ဆက်စပ်သော SME လုပ်ငန်းများ ထွန်းကားလာစေရန်ရင်းနှီးမြှုပ်နှံမှုများ လိုအပ်လျက်ရှိကြောင်း မြန်မာနိုင်ငံ သစ်သီးဂလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP) အတွင်းရေးမှူး ဒေါ်စန္ဒာမျိုး၏ ပြောကြားချက်အရသိရသည်။

အရည်အသွေးပြည့်မီသော ထောပတ်သီးနှင့်နာနတ်သီး တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရန် လိုအပ်သည့်ကုန်ကြမ်းကိရိယာများ၊ အလုပ်သမားခကုန်ကျစရိတ်များအတွက် ငွေကြေးအခက်အခဲများတွေ့ကြုံနေရကြောင်း၊ အထူးသဖြင့် SME ချေးငွေရရှိရန် အပေါင်ပစ္စည်းနှင့် ဘဏ်လုပ်ငန်းကိစ္စများဆောင်ရွက်ရာတွင် အခက်အခဲ များတွေ့ကြုံနေရကြောင်းသိရသည်။ "နိုင်ငံတော်က MFVP လုပ်ငန်းရှင်တွေနဲ့ တောင်သူတွေအတွက် သစ်သီးဂလံ ချေးငွေပံ့ပိုးကူညီပေးဖို့ လိုအပ်ပါတယ်" ဟု ဒေါ်စန္ဒာမျိုးကပြောသည်။ ထိုသို့လိုအပ်ချက်များရှိသောကြောင့် (၃၁) ကြိမ် မြောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲတွင် MFVPမှ လိုအပ်ချက် များကို တင်ပြခဲ့ကြောင်းသိရသည်။

နာနတ်သီးသည် တစ်နိုင်ငံလုံး စားသုံးမှုအတွက် စိုက်ဧက ၅၀၀၀ ခန့်ရှိပါက လုံလောက်သော်လည်း လတ်တလောတွင် စိုက်ဧကများကာ အထွက်နှုန်းများနေသောကြောင့် ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရန်နှင့် တန်ဖိုးမြင့် ထုတ်ကုန်များထုတ်လုပ်နိုင်ရန်လိုအပ်လျက်ရှိကြောင်း မြန်မာနိုင်ငံ နာနတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးစိုင်းကျော်ညွန့်ကပြောသည်။ ထို့ပြင် ထောပတ်သီးနှင့် နာနတ်သီးကို တန်ဖိုးမြင့်ထုတ်ကုန်များ ပြုလုပ်နိုင်မည့်စက်ရုံများတည်ဆောက်ပြီးပါက ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်သည့်အပြင် စိုက်ပျိုးသူများအတွက်လည်း ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်းသိရသည်။

**Source: Myawaddy**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2556-investments-in-the-production-of-high-value-products-such-as-avocados-and-pineapples.html

## အမေရိကန်သွင်းကုန်တစ်ချို့ကို တရုတ်က အခွန်ကင်းလွတ်ခွင့်ပြုရန်စီစဉ်

အမေရိကန်ရဲ့ပဲပုပ်နဲ့ဂက်သား သွင်းကုန်တစ်ချို့အပေါ်မှာ အခွန်တွေမကောက်ဘဲ ကင်းလွတ်ခွင့်ပြုမယ်ဆိုပြီး တရုတ်အစိုးရကထုတ်ပြန်လိုက်ပါတယ်။ ဒါဟာ ဝါရှင်တန်နဲ့ပေကျင်းအကြား ကုန်သွယ်ရေးတင်းမာမှုတွေမှာ ပြေလည်မှုလက္ခဏာတစ်ရပ်လည်း ဖြစ်လာခဲ့ပါတယ်။

အဆိုပါ ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံနှစ်နိုင်ငံကတော့ တစိတ်တဒေသ ကုန်သွယ်ရေးစာချုပ်တစ်ရပ်ကို ချုပ်ဆိုဖို့ ကြိုးပမ်းနေကြပါတယ်။ အဆိုပါနိုင်ငံကြီးနှစ်နိုင်ငံကတော့ ကုန်စည်တွေအပေါ် ဒေါ်လာဘီလီယံများစွာ အခွန်

အကောက်တွေ အပြန်အလှန်ချမှတ်ကောက်ခံရင်း ကုန်သွယ်ရေးစစ်ပွဲတစ်ခုကို ဆင်နွှဲနေခဲ့ကြတာဖြစ်ပါတယ်။ "အမေရိကန်ကုန်တစ်ချို့အပေါ် အခွန်ကင်းလွတ်ခွင့်ပေးဖို့ တရုတ်အကောက်ခွန်ကော်မရှင်က လုပ်ဆောင်နေပါပြီ" ဆိုပြီး တရုတ်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်သွားပါတယ်။

**Source:** https://www.facebook.com/SFJWeekly/?ref=page_internal

## ရေနံထုတ်လုပ်မှု ဆက်လက်လျှော့ချဖို့ အိုပက်နဲ့မဟာမိတ်နိုင်ငံတွေသဘောတူ



ဩဇာကြီး အိုပက်အုပ်စုအဖွဲ့ဝင် ရေနံထုတ်လုပ်သူနိုင်ငံတွေနဲ့ ယင်းရဲ့ မဟာမိတ်တွေအကြား ရေနံထုတ်လုပ်မှု ဆက်လက်လျှော့ချမယ့် သဘောတူညီချက်တစ်ရပ်ရရှိခဲ့ကြောင်းသိရပါတယ်။ သဘောတူညီချက်အရ အိုပက်နဲ့မဟာမိတ်တွေဟာ လာမယ့် ၂၀၂၀ မတ်လအထိ တစ်ရက်ကို ရေနံစည်ပေါင်း ၅၀၀၀၀၀ နှုန်း ပုံမှန်လျှော့ချ ထုတ်လုပ်သွားကြမှာဖြစ်ပါတယ်။

ဒါဟာ ဖိအားတွေအောက်ကျရောက်နေတဲ့ ရေနံဈေးနှုန်းတွေကို တည့်မတ်စေနိုင်ဖို့ အားထုတ်မှုတစ်ခုလည်းဖြစ်ပါတယ်။ ဒီလိုရေနံ ထုတ်လုပ်မှုပိုင်းဝန်းလျှော့ချမယ့် မူဝါဒကိုတော့ ပြီးခဲ့တဲ့ အပတ်က ဩစတြီးယားနိုင်ငံ ဗီယင်နာမှာပြုလုပ်တဲ့ အစည်းအဝေးတစ်ခုမှာ သဘောတူခဲ့ကြတာဖြစ်ပါတယ်။ အဆိုပါ သဘောတူညီချက်ထွက်ရှိပြီးနောက် ကမ္ဘာ့ရေနံဈေးတွေဟာလည်း မြင့်တက်မှုဖြစ်ပေါ်ခဲ့တယ်လို့သိရပါတယ်။

**Source:** https://www.facebook.com/SFJWeekly/posts/2853602268060380?__tn__=K-R

## ၂၀၂၀ ခုနှစ်အတွက် စင်ကာပူ GDP တိုးတက်မှုနှုန်းသည်သုည ဒသမ ၅ ရာခိုင်နှုန်းမှ ၂ ဒသမ ၅ ရာခိုင်နှုန်းအကြား တိုးတက်နိုင်ကြောင်းခန့်မှန်း



စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ၂၀၁၉-၂၀၂၀ ခုနှစ်များအတွက် စင်ကာပူ၏ GDP တိုးတက်မှုနှုန်းများကြိုတင်ခန့်မှန်းချက်ထုတ်ပြန်ထားသည်။ စင်ကာပူ၏ စီးပွားရေးအခြေအနေသည် ၂၀၁၉ ခုနှစ်၊ တတိယသုံးလပတ်တွင် ကြိုတင်ခန့်မှန်းထားမှုထက် ပိုမိုတိုးတက်ကောင်းမွန်လာသောကြောင့် ၂၀၁၉ ခုနှစ် တစ်နှစ်ပတ်လုံးအတွက် GDP တိုးတက်မှုနှုန်းသည် သုည ဒသမ ၅ ရာခိုင်နှုန်းမှ ၁ ရာခိုင်နှုန်းအကြားတိုးတက်မည်ဟု ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက နိုဝင်ဘာ ၂၁ ရက်တွင် ခန့်မှန်းချက်ထုတ်ပြန်ထားသည်။ ဝန်ကြီးဌာနက ပြန်လည်အတည်ပြု၍ ထုတ်ပြန်ခဲ့သည့် စာရင်းအရ စင်ကာပူ၏ GDP တိုးတက်မှုနှုန်းသည် ၂၀၁၉ ခုနှစ်၊ ပထမသုံးလပတ်တွင် ၁ ဒသမ ၁ ရာခိုင်နှုန်း၊ ဒုတိယသုံးလပတ်တွင် သုည ဒသမ ၂ ရာခိုင်နှုန်းနှင့် တတိယ သုံးလပတ်တွင်သုည ဒသမ ၅ ရာခိုင်နှုန်း ပေါ်ပေါက်ခဲ့သည်။

၂၀၁၉ ခုနှစ်၊ တတိယ သုံးလပတ်တွင် ဖြစ်ပေါ်ခဲ့သည့် GDP တိုးတက်မှုနှုန်း သုည ဒသမ ၅ ရာခိုင်နှုန်းသည် ပြင်ပစီးပွားရေးပညာရှင်များ၏ ကြိုတင်ခန့်မှန်းချက် သုည ဒသမ၄ ရာခိုင်နှုန်း ထက် သာလွန်ကောင်းမွန်ခဲ့သည်။ ထို့ပြင် နှစ်အတွင်း သုံးလပတ်အလိုက် နှိုင်းယှဉ်မှုစာရင်းအရ ဒုတိယသုံးလပတ်တွင် ၂ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ရာမှ တတိယသုံးလပတ်တွင် ၂ ဒသမ ၁ ရာခိုင်နှုန်း ပြန်လည်တိုးတက်လာသည့်အတွက် စင်ကာပူ၏နည်းပညာဆိုင်ရာ စီးပွားရေး ကျဆင်းမှုကို ရှောင်လွှဲနိုင်ပြီဖြစ်ကြောင်း ပြင်ပစီးပွားရေးပညာရှင်များကသုံးသပ်ကြသည်။ တတိယသုံးလပတ် အတွင်း အီလက်ထရွန်နစ်ကဏ္ဍတွင် ထုတ်လုပ်မှုကျဆင်းခဲ့သော်လည်း ဇီဝဆေးဝါးနှင့် လေယာဉ်/အာကာသယာဉ် ထုတ်လုပ်မှုကဏ္ဍများ၌ တိုးတက်မှုရှိခဲ့သည်။ ၂၀၂၀ ခုနှစ်တွင် ဆက်သွယ်ရေးကိရိယာများနှင့် စမတ်ဖုန်းများတွင် 5G နည်းပညာများ အသုံးပြုလာခြင်းနှင့် ကမ္ဘာ့အီလက်ထရွန်နစ် ပစ္စည်းထုတ်လုပ်မှုကွင်းဆက် ပြန်လည် ကောင်းမွန်လာခြင်းတို့ကြောင့်

အီလက်ထရွန်နစ်ကဏ္ဍ၏ထုတ်လုပ်မှုသည် တဖြည်းဖြည်းတိုးတက်လာမည်ဟု သုံးသပ်ကြသည်။

၂၀၂၀ ခုနှစ်အတွက် စင်ကာပူ၏ GDP တိုးတက်မှုနှုန်းသည်သုည ဒသမ ၅ ရာခိုင်နှုန်းမှ ၂ ဒသမ ၅ ရာခိုင်နှုန်း အကြားတိုးတက်နိုင်ကြောင်း၊ ၂၀၂၀ ခုနှစ်တွင် စင်ကာပူ၏ အဓိကဈေးကွက်များဖြစ်သော အမေရိကန်နှင့်တရုတ်တို့၏ ဝယ်လိုအားတိုးတက်လာဖွယ်ရှိသော်လည်း အမေရိကန်နှင့်တရုတ်၏ကုန်သွယ်ရေးတင်းမာမှု အဆုံးသတ်ရန်သေချာမှု မရှိသေးသည့်အခြေအနေ၊ Brexit ၊ ဟောင်ကောင်၏ နိုင်ငံရေးအကြပ်အတည်းနှင့်အရှေ့အလယ်ပိုင်းဒေသများ၏ ပထဝီနိုင်ငံရေးဆိုင်ရာ တင်းမာမှုအခြေအနေများသည် စင်ကာပူ၏ စီးပွားရေးတိုးတက်မှုအပေါ် ဖိအားများဆက်လက်ရှိနေဦးမည် ဖြစ်ကြောင်းသိရှိရသည်။

**Source:** www.commerce.gov.mm, https://www.facebook.com/SFJWeekly/posts/2853716338048973?__tn__=K-R

## ၂၀၂၀ နှစ်ဝက်ကျရင် ကမ္ဘာ့စီးပွားရေး ပြန်မတ်လာမည်ဟုခန့်မှန်း



ကမ္ဘာ့စီးပွားရေးဟာ လာမယ့် ၂၀၂၀ ပြည့်နှစ် ဒုတိယခြောက်လတာ ကာလအတွင်းမှာ သိသာထင်ရှားတဲ့ ပြန်လည်နာလန်ထူတည့်မတ်မှုတွေ မြင်တွေ့ရလိမ့်မယ်ဆိုပြီး UBS GlobalWealth Management က ထုတ်ပြန်ပြောဆိုလိုက်ပါတယ်။ ကမ္ဘာ့စီးပွားရေး တိုးတက်မှုတွေဟာ ၂၀၂၀ ဒုတိယနှစ်ဝက်ကျရင် ပြန်လည်တည့်မတ်မှုတွေမြင်ရနိုင်မှာ ဖြစ်ကြောင်း၊ အထူးသဖြင့် စတုတ္ထသုံးလပတ်မှာ သိသာထင်ရှားတဲ့ နာလန်ထူမှုတွေမြင်ရမှာဖြစ်ကြောင်း UBS Global Wealth Management က တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ Adrian Zuercher က ပြောသွားပါတယ်။

ဝါရှင်တန်နဲ့ပေကျင်းအကြား ကုန်သွယ်ရေးစစ်ပြေလျှော့ချိန်၊ ဗဟိုဘဏ်တွေရဲ့ ငွေကြေးမူဝါဒတွေစတင်အသက်ဝင်ချိန် ယင်း ၂၀၂၀ နှစ်ဝက်ကျရင် ကမ္ဘာ့စီးပွားရေး ပြန်လည်တည့်မတ်လိမ့်မယ်လို့ ခန့်မှန်းလိုက်တာဖြစ်ပါတယ်။ “ ခုချိန်မှာတော့ ကမ္ဘာ့ကုန်သွယ်ရေးပိုင်းမှာ မြူခိုးတွေပိတ်ဖုံးနေပါတယ်၊ ဒါက စီးပွားရေးတိုးတက်မှုနဲ့ပတ်သက်လို့ ကျွန်တော်တို့ရဲ့ ခန့်မှန်းချက် ကို သက်ရောက်စေပါတယ်” ဟု Zuercher က ပြောသွားပါတယ်။ ကမ္ဘာ့အကြီးဆုံးသော စီးပွားရေးအင်အားကြီး နိုင်ငံတွေဖြစ်ကြတဲ့ အမေရိကန်နဲ့တရုတ်အကြား ၂၀၁၈ နှစ်စပိုင်းကစလို့ ကုန်သွယ်ရေးစစ်စဖြစ်ပြီးနောက် ကမ္ဘာ့စီးပွားရေးပိုင်းမှာ အကျဘက်သွားနေခဲ့တာကိုမြင်ခဲ့ရကြောင်း ၎င်းကပြောဆိုသွားခဲ့ပါတယ်။ ဒါပေမယ့် ကမ္ဘာ့စီးပွားရေးနှေးကွေးစေတာဟာ ဒီကုန်သွယ်ရေးစစ်တစ်ခုတည်းကြောင့်ပဲ မဟုတ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသွားပါတယ်။

**Source:** https://www.facebook.com/SFJWeekly/posts/2855982991155641?__tn__=K-R

## STOCK EXCHANGE (10.12.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 10th Dec. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 200 | 2,300,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,850 | +0 | +0.00% | 3,850 | 3,850 | 3,850 | 7,358 | 28,328,300 | 38,929,150 | 149,877 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 23,000 | +0 | +0.00% | 22,500 | 23,000 | 22,500 | 52 | 1,171,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | -50 | -1.72% | 2,850 | 2,900 | 2,850 | 1,032 | 2,983,700 | 12,823,224 | 36,546 |

## Market summary

As of 10th Dec. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 468.41 | -0.47 | -0.10% | 467.51 | 468.41 | 467.51 | 8,642 | 34,783,000 | 5 | 641,405 |

### Index chart




# Market Overview

As of 1:00 pm, 10th Dec. 2019

| MYANPIX | 468.41 ▼0.47 |
|---|---|
| Total Volume (shares) | 8,642 |
| Total Value (MMK) | 35 mil |
| Listed Company | 5 |
| Market Cap. (MMK) | 641,405 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲0 |
| MTSH | 00002 | 3,850 | ▲0 |
| MCB | 00003 | 8,300 | ▲0 |
| FPB | 00004 | 23,000 | ▲0 |
| TMH | 00005 | 2,850 | ▼50 |